ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန

အကြမ်းဖက်စစ်ကောင်စီမှ ကြိုးပမ်းလျှက်ရှိသည့်
အတုယောင်ရွေးကောက်ပွဲနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်
ထုတ်ပြန်ကြေညာချက် (၁/၂၀၂၃)
၂၀၂၃ ခုနှစ် လ (၂၃) ရက်

၁။ မင်းအောင်လှိုင်ဦးဆောင်သည့် အကြမ်းဖက်စစ်အုပ်စုသည် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရလဒ်ကို ဆင်ခြင်ဥာဏ်မရှိသော အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်မှုများ ပြုလုပ်ခဲ့သည့်အပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မတရားအာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ လိုအင်ဆန္ဒကို စိုးစဉ်းမျှ အလေးထားမှုမရှိဘဲ ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာနှင့် လူတစု၏ စည်းစိမ်ဥစ္စာကို ကာကွယ်ရန်အတွက် လက်နက်အားကိုးဖြင့် လူမဆန်ဂုဏ်သိက္ခာမဲ့သော အကြမ်းဖက်မှုပေါင်းစုံ ကျူးလွန်လာခဲ့သည်မှာ ကမ္ဘာ့အသိပင်ဖြစ်သည်။

၂။ ခေတ်အဆက်ဆက် လက်နက်အားကိုးဗိုလ်ကျစိုးမိုးခဲ့သော စစ်အာဏာရှင်စနစ်ကို အပြီးတိုင် အမြစ်ဖြတ်ချေမှုန်းရေးအတွက် ယခုနွေဦးတော်လှန်ရေးကြီးကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကြီး၌ ရွေးကောက်တင်မြှောက်ခံရသည့် ပြည်သူ့ဘက်တော်သား လွှတ်တော်ကိုယ်စားလှယ်များ နှင့်အတူ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ နွေဦးတော်လှန်ရေးအင်အားစုများ အားလုံးစုပေါင်းလက်တွဲ၍ တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး၏ အားပေးထောက်ခံမှုဖြင့် ဆင်နွှဲလျှက်ရှိသည်။

၃။ ယခုအချိန်တွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အဖက်ဖက်မှ ယိုယွင်းပျက်ဆီးနေပြီ ဖြစ်သည့် မင်းအောင်လှိုင်ဦးဆောင်သည့် အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့၏ နိုင်ငံရေးထွက်ပေါက်ရရှိရန်အလို့ငှာ အတုယောင်ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အပူတပြင်း ကြိုးပမ်းလျှက်ရှိသည်။

၄။ အကြမ်းဖက်စစ်အုပ်စုမှ တနိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူတရပ်လုံးအား အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ် မီးရှို့နေချိန်၊ လေကြောင်းဖြင့် ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်နေချိန်တွင် ၎င်းတို့နိုင်ငံရေးထွက်ပေါက်အတွက် ကြိုးပမ်းလျှက်ရှိသည် ရွေးကောက်ပွဲသည် နိုင်ငံရေးအရ သော်လည်းကောင်း၊ ဥပဒေကြောင်းအရ သော်လည်းကောင်း တရားဝင်မှု မရှိသည့်အပြင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ၏ စံတန်ဖိုးများနှင့် ညီညွတ်မှုမရှိကြောင်း သိစေအပ်ပါသည်။

၅။ မိမိတို့နွေဦးတော်လှန်ရေးကြီး၏ အခြေခံလမ်းညွှန်ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)၊ နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၁၁) အရ အသွင်ကူးပြောင်းရေးကာလအတွင်းတွင် တိုင်းပြုပြည်ပြုညီလာခံကြီးကို ကျင်းပကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြဌာန်းပြီး ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းထားသည့်အတိုင်း ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲများကို ကျင်းပသွားရမည်ဖြစ်သည်။ တချိန်တည်းတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၌လည်း သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ အသီးသီးနှင့်အညီ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့် ရွေးကောက်ပွဲများကို ကျင်းပသွားရမည် ဖြစ်သည်။

၆။ သို့ဖြစ်ပါ၍ အဖွဲ့အစည်းအသီးသီး၊ အင်အားစုအသီးသီးနှင့် တိုင်းရင်းသားပြည်သူလူထု တရပ်လုံးအနေဖြင့် မင်းအောင်လှိုင်ဦးဆောင်သည့် အကြမ်းဖက်စစ်အုပ်စု၏ အတုယောင် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းမပြုဘဲ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချေမှုန်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် စုစည်းညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်သွားကြရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ